# မဲခေါင်ဒေသခွဲ၏ ရွှေ့ ပြောင်းနေထိုင်မှုဆိုင်ရာ အချက်အလက်စာအုပ် အတွက် အကျဉ်းချုပ်
# ဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်း နှင့် နေယင်းဒေသ ပြန်လည်ပို့ဆောင်ခြင်း ဆိုင်ရာ အသေးစိပ်လေ့လာချက်

မဲခေါင်ဒေသ ရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာ အင်အားစု၏ တတိယမြောက် အချက်အလက်စာအုပ်မှ မဲခေါင်းဒေသခွဲအတွင်းရှိ ရွှေ့ပြောင်းနေထိုင်သူများအား ဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်း နှင့် နေယင်းဒေသ ပြန်လည်ပို့ဆောင်ခြင်းဆိုင်ရာ အချက်အလက်များနှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်းများ၏ တရားဝင်မှု၊ မဝင်မှုပြဿနာကို စမ်းစစ်ရန်လိုအပ်သလို မျှတမှုရှိမရှိကိုလည်း စစ်ဆေးရန်လိုအပ်ပါသည်။ ဤ အချက်အလက်စာအုပ်သည် မြန်မာ၊ ကမ်ဘောဒီးယား၊ လာအို၊ ထိုင်း၊ ဗီယက်နမ်၊ နှင့် တရုတ် ယူနန်နယ်တို့မှာ သက်ဆိုင်ရာ ရွှေ့ပြောင်းအလုပ်သမားအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ လူထု လူတန်းစား အဖွဲ့အစည်းများ နှင့် ပညာရေးဆိုင်ရာ ဌာနများမှပြုလုပ်သော နိုင်ငံပေါင်းစုံ သုတေသန ပြုလုပ်ချက်မှ ပေါ်ထွက်လာသော ရလဒ်ဖြစ်သည်။

ထိုကဲ့သို့ ဖမ်းဆီးမှုများ၊ ထိန်းသိမ်းမှုများနှင့် နေယင်းဒေသသို့ ပြန်လည်ပို့ဆောင်မှုများကြောင့် ပေါ်ပေါက်နေသော လူ့အခွင့်အရေးချိုးဖေါက်မှုများကို တိုက်ဖျက်ရန်အတွက် ဒေသတွင်းရှိ သက်ဆိုင်ရာ အစိုးရများသို့

၁။ ရွှေ့ပြောင်းအလုပ်သမားများကို ရာဇဝတ်မှုကျူးလွန်သူများအဖြစ်မှ ပယ်ဖျက်ပေးရန်
၂။ ဖိနှိပ်ပြီး ခေါင်းပုံဖြတ်မြတ်ထုတ်နိုင်သော လုပ်ငန်ခွင်အနေအထားကိုရောက်ရှိအောင် တွန်းပို့နေသော ဖိနှိပ်ချုပ်ချယ်မှုများနှင့် ရွှေ့ပြောင်းအလုပ်သမားများထိခိုက်စေသည့် ဖမ်းဆီးမှုများ၊ ထိန်းသိမ်းမှုများ နှင့် နေရပ်ယင်းပြန်ပို့မှုများကိုဖြစ်ပေါ်စေသည့် ကန့်သတ်ချုပ်ချယ်မှုများကို ပယ်ဖျက်ပေးရန်
၃။ လူသားချင်းစာနာမှုရှိရန်၊ ပွင့်လင်းမြင်သာမှုရှိရန် နှင့် တရာဥပဒေ၏အုပ်ချုပ်မှုအောက်တွင်ရှိ စေရန်အတွက် ဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်းနှင့် နေရပ်ယင်းပြန်ပို့ခြင်းနှင့် သက်ဆိုင်သော လုပ်ထုံးလုပ်နည်းများကို ပြုပြင်ပြောင်းလဲရန်

## ရွှေ့ပြောင်းအလုပ်သမားများကို ရာဇဝတ်မှုကျူးလွန်သူများဖြစ်စေခြင်း

မဲခေါင်ဒေသခွဲအတွင်း တရားဝင်ရွှေ့ပြောင်းသွားလာနိုင်မှု နည်းပါးခြင်းက ရွှေ့ပြောင်းအလုပ်သမားများကို တရားမဝင် နယ်စပ်ဖြတ်ကျော်မှုများပေါ်ပေါက်စေပြီး နောက်ဆက်တွဲအဖြစ် ၎င်းတို့၏ အသက်အန္တရာယ်ကိုပါထိခိုက် စေကြောင်း လေ့လာမှုများက ညွှန်းဆိုလျှက်ရှိပါသည်။ လျှို့ဝှက်စွာရွှေ့ပြောင်းသွားလာနေရသည်နှင့် အမျှ ရွှေ့ပြောင်းအ လုပ်သမားများ၏ ဘဝသည် ကွန်တိန်နာပုံးထဲတွင် ပုန်းအောင်းလိုက်ရခြင်း၊ ခိုင်ခန့်မှုမရှိသော လှေငယ်များနှင့် ပင်လယ်ပြင်ကို ဖြတ်သန်းရခြင်း နှင့် မြေမြှုပ်ပုံးများ ပေါ်များလှသော နယ်စပ်ဒေသများကို စွန့်စွန်းစားစားဖြတ်သန်းရခြင်း တို့ကဲ့သို့သော အန္တရာယ်များနှင့် ရောပြွန်းနေပါသည်။ ထို့အပြင် ထိုရွှေ့ပြောင်းအလုပ်သမားမျာကို ရာဇဝတ်မှုကျူးလွန်သူများအဖြစ် ကမ္ဘည်းတပ်လိုက်ခြင်းက လူပွဲစားများအား ထို့ထက်ပို၍ ခေါင်းပုံဖြတ်ရန်

တခါးဖွင့်ပေးလိုက်သကဲ့သို့ရှိပြီး အကျင့်ပျက်ခြစားသော အစိုးရဝန်ထမ်းများကိုလဲ ပိုမိုလာဒ်ပေးလာဒ်ယူပြုလုပ်စေရန် တွန်းအားပေးသကဲ့သို့ရှိနေပါသည်။

မဲခေါင်ဒေသ ရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာ အင်အားစုမှ ဒေသတွင်းရှိအစိုးရများအား အလုပ်လုပ်ကိုင်ရန်အတွက် သင့်တော်သော တရားဝင်ရွှေ့ ပြောင်းနေထိုင်နိုင်ခွင့်ကို ပံ့ပိုးပေးရန်နှင့် အကယ်၍ အဆိုပါ အလုပ်သမားများ၌လိုအပ်သော သက်သေခံအထောက်အထားများ မပါခဲ့သော် အလွယ်ဆုံး ဖြေရှင်းနည်းမှာ ၎င်းအလုပ်သမားအား အိမ်ရှင်နိုင်ငံအစိုးရမှ လိုအပ်သော အထောက်အထားစာရွက်စာတမ်းများကို နယ်စပ်ဒေသတွင် တပါတည်းထုတ်ပေးရန် အကြံပြုပါသည်။ ရွှေ့ပြောင်းအလုပ်သမားများမှ အစိုးရတာဝန်ရှိသူများနှင့်တွေ့ဆုံပြီးသည်နှင့်တပြိုင်နက် နယ်စပ်ရှိ အလုပ်အကိုင်ရှာဖွေရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် တရားဝင်ဆက်သွယ်ကာ သက်ဆိုင်ရာလုပ်ငန်းခွင်သို့ တရားဝင်ပေါ်ပေါ်ထင်ထင် သွားလာခွင့်ကို ခွင့်ပြုခြင်းအားဖြင့် လျှို့ဝှက်စွာသွားလာလုပ်ကိုင်ခြင်းကြောင့်ပေါ်ပေါက်လာနိုင်သည့် ၎င်းတို့၏အသက်အန္တရာယ်ကျရောက်နိုင်မှုများကို လျော့ပါးသွားစေပါသည်။

ယခုအစီရင်ခံစာ၏ဖော်ပြချက်အရ အလုပ်သမားများရောက်ရှိလာပြီးနောက် မလျော်ကန်သော တရားဥပဒေရေး လုပ်နည်းလုပ်ဟန်များကြောင့် အချင်းချင်း မယုံကြည်မှု၊ သွေးကွဲမှုနှင့် မကျေနပ်မှုများကို ပိုမိုပေါ်ပေါက်လာစေပါသည်။ အလုပ်သမားအဖြစ် မှတ်ပုံမတင်ခြင်းကြောင့်ဖြစ်စေ၊ အလုပ်သမားမှတ်ပုံတင်ကာဒ်ကို ကိုင်ဆောင်မလာသောကြောင့်ဖြစ်စေ အလုပ်သမားအား ရာဇဝတ်မှုကိုကျူးလွန်သူများမဖြစ် အရေးယူနေချိန်တွင် အလုပ်သမား၏ အလုပ်သမားကာဒ်ရရှိရေးကို မဆောင်ရွက်ပေးသောအလုပ်ရှင်များ သို့တည်းမဟုတ် အလုပ်သမားကာဒ်ကို သိမ်းဆည်းထားသော အလုပ်ရှင်များအား မည်သို့သောအရေးယူမှုမျိုးမှ ပြုလုပ်သည်ကိုမတွေ့ရချေ။ ထို့ကြောင့် အလုပ်သမားများအနေနှင့် သက်ဆိုင်ရာ အိမ်ရှင်နိုင်ငံ၏ တရားဥပဒေကို လေးစားလိုက်နာရန်လိုအပ်သည်ကို နားလည်ထားသော်ငြားလည်း အလုပ်ရှင်များက မလိုက်နာသောအခါ ၎င်းတို့အနေနှင့် ထို့ထက်ပို၍သည်းညည်းခံရန် ခက်ခဲလာလျှက်ရှိပေသည်။

**<u>ဖိနှိပ်ပြီး ခေါင်းပုံဖြတ်မြတ်ထုတ်နိုင်သော လုပ်ငန်ခွင်အနေအထားကိုရောက်ရှိအောင် တွန်းပို့နေသော ဖိနှိပ်ချုပ်ချယ်မှုများနှင့် ရွှေ့ပြောင်းအလုပ်သမားများထိခိုက်စေသည့် ဖမ်းဆီးမှုများ၊ ထိန်းသိမ်းမှုများ နှင့် နေရပ်ယင်းပြန်ပို့မှုများကိုဖြစ်ပေါ်စေသည့် ကန့်သတ်ချုပ်ချယ်မှုများကို ပယ်ဖျက်ပေးခြင်း</u>**

အလုပ်သမားကာဒ် ထားရှိခြင်းစနစ်သည် အလုပ်သမားများ၏ အလုပ်အကိုင်အခြေအနေသာမက စားမှုနေမှု၊ ထိုင်မှုနှင့် နိုင်ငံတွင်းဝင်ရောက်မှုများတွင်ပါ အလုပ်ရှင်အပေါ် သဘာဝထက်လွန်ကဲစွာ မှီခိုနေရအောင် ဖန်တီးထားသည်။ ရွှေ့ပြောင်းအလုပ်သမားများအပေါ် ကန့်သတ်ချုပ်ချယ်မှုများလေလေ ၎င်းအလုပ်သမားများကျူးလွန်သော တရားဥပဒေချိုးဖေါက်မှုများ များလေလေ သူတို့အား ဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်း၊ နှင့် နေရပ်ပြန်ပို့ခြင်းများလည်း တိုးပွားလာလေဖြစ်သည်။ ထိုကန့်သတ်ချုပ်ချယ်မှုများသည် အလုပ်ရှင်နှင့်အလုပ်သမားအကြား အာဏာ

ချိန်ခွင်ညှာမညီမျှမှုကို ပိုမိုဖြစ်ပွားစေပြီ အလုပ်ရှင်များအနေဖြင့် အလုပ်သမားများအပေါ် အာဏာ အလွဲသုံးလုပ်မှုနှင့် ခေါင်းပုံ ဖြတ်မှုများကို ဖြစ်ပွားစေသည်။

ဖိနှိပ်မှုနှင့် ခေါင်းပုံဖြတ်မှုများရှိသော လုပ်ငန်းခွင်အခြေအနေမှ ရွှေ့ပြောင်းအ လုပ်သမားများအား ယာယီအနေအထားကိုဖြစ်ပေါ်စေပြီး ၎င်းတို့အား ဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်း နှင့် နေရပ်ယင်းပြန်ပို့ ခြင်းများအား ပိုပိုပေါ်ပေါက်စေသည်။ ဥပမာအားဖြင့် ရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် ဖိနှိပ် ပြီး ခေါင်းပုံဖြတ်သော လုပ်ငန်းခွင်မှထွက်ခွာပြီး အလုပ်ရှင်ပြောင်းလိုပါက ၎င်းတို့၏ တရားဝင်အနေ အထားများ ဆုံးရှုံးသွားပြီး ဖမ်းဆီးခံရနိုင်သည်။ ရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် မျှတသော အခြေအနေတစ်ရပ်ကို တောင်းဆိုသည်ရှိသော် အလုပ်ရှင်မှ ၎င်းတို့အား အလုပ်ထုတ်ပစ်ပြီး ၎င်းတို့ ၏ အလုပ်သမားကဒ်သက်တမ်းအားလည်း ရပ်ဆိုင်းပစ်နိုင်သည်။ အခြားဥပမာအနေဖြင့် မှတ်ပုံ တင်ထားသော အလုပ်သမားတစ်ယောက်သည်၏ အလုပ်ရှင်က အလုပ်သမားကဒ်ကို သိမ်းဆည်း ထားသောကြောင့် အလွယ်တကူပင် အဖမ်းခံရနိုင်သည်။

ယခုအစီရင်ခံစာမှ ထောက်ပြထားသော အခြားကန့်သတ်ချုပ်ခြယ်မှုများမှာ မှတ်ပုံတင်နေစဉ်ကာလ အတွင်း မှတ်ပုံတင်ခွင့်ရှိသော အလုပ်သမားများ သို့မဟုတ် စုဝေးရောက်ရှိနေသော အလုပ်သမား များအား ခရီးသွားလာခွင့်ကို ကန့်သတ်ချုပ်ခြယ်ထားခြင်းဖြစ်ပါသည်။ ၎င်းတို့၏ အခြေခံအခွင့်အ ရေးများဆုံးရှုံးနေသည်နှင့်အမျှ ပိုမို၍ဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်းနှင့် နေရပ်ယင်း ပြန်ပို့ခြင်းများကို ခံ ရဖွယ်ရှိပါသည်။

အစီရင်ခံစာမှ အထောက်အထားစာရွက်စာတမ်းမရှိသောအလုပ်သမားများအား မှတ်ပုံတင်ရန်အ တွက် ပြင်းထန်သည့်အရေးယူမှုများကို ကာကွယ်သည့်သော အခြားနည်းလမ်းတစ်ရပ် အနေဖြင့် ၎င်းတို့၏ လုပ်ငန်းခွင်တွင် သွားရောက်လုပ်ကိုင်ပေးနိုင်သည့်အစီအစဉ်အပေါ် ဖြစ်နိုင်ချေများကို လည်း တင်ပြထားပါသည်။

**<u>လူသားချင်းစာနာမှုရှိရန်၊ ပွင့်လင်းမြင်သာမှုရှိရန် နှင့် တရားဥပဒေ၏အုပ်ချုပ်မှုအောက်တွင်ရှိ စေ ရန်အတွက် ဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်းနှင့် နေရပ်ယင်းပြန်ပို့ခြင်းနှင့် သက်ဆိုင်သော လုပ်ထုံးလုပ် နည်းများကို ပြုပြင်ပြောင်းလဲခြင်း</u>**

ရွှေ့ပြောင်းအလုပ်သမားများက ၎င်းတို့သည် မည်သည့်နေရာ မည်သည့်အချိန်မဆို ဖမ်းဆီးခံရနိုင် ခြေရှိနေပြီး ဖမ်းဆီးခံရခြင်းမှ ၎င်းတို့ကိုယ် ၎င်းတို့ မည်သို့မျှ မကာကွယ်နိုင်သည့်အနေအထားတွင် ရှိနေသည်ဟု တင်ပြကြသည်။ မထင်မှတ်သည့်အချိန်တွင် မထင်မှတ်သလို ဖမ်းဆီးခံရခြင်းသည် ရွှေ့ပြောင်းအလုပ်သမားများ၏ ဘဝသည် မည်သို့မျှ မလုံခြုံ၍ ကြောက်ရွံ့နေရသောအနေအထား မှ လွတ်ကင်းမည်မဟုတ်ပေ။ တရားဥပဒေကို ထင်သလိုအသုံးချပြီး ခြိမ်းခြောက်နေခြင်းသည် အ လုပ်သမားများအဖို့ စိတ်ပျက်အားငယ်ခြင်းနှင့် မကျေနပ်ခြင်းတို့အပြင် တရားရေးစနစ်အပေါ် အယုံ အကြည်မရှိဖြစ်စေပါသည်။ များသောအားဖြင့် ဖမ်းဆီးမှုများသည် အလုပ်သမားများ၏ အခြေခံ ဂုဏ်သိက္ခာ နှင့် လုံခြုံရေးကို လစ်လျူရှုထားကြသည်ကို တွေ့ရသည်။

**`ကျွန်တော်တို့အလုပ်သမား တန်းလျားမှာ အဖမ်းခံရတုန်းက ရဲမေ ၂ ယောက်အပါအဝင် ရဲ ၁၂ ယောက် ရောက်လာတယ်။ သူတို့ ထွက်မပြေးနဲ့ ထွက်ပြေးတာနဲ့ ပစ်မယ်လို့ အော်တော့တာပဲ။ တစ်ယောက်က စမ်းချောင်းထဲကို ဆင်းပြီး ထွက်ပြေးတာ ခဏနေတော့ စမ်းချောင်း အပေါ်နားမှာ မိတော့တာပဲ။ အဲဒါ ရဲက သူ့ကို ဂုတ်ကနေ ဆွဲပြီး ပြန်ခေါ်လာတယ်။ ´
(မဲဆောက်မှ မြန်မာအလုပ် သမားတစ်ဦး)**

ထိုင်းနိုင်ငံ ရန်နောင်းမြို့ရှိ ကမ်းဘောဒီးယားလေ့လုပ်သားတစ်ဦးကို တွေ့ဆုံမေးမြန်းရာတွင်လဲ လေ့လုပ်သားများအား ဖမ်းဆီးမှုများသည် အများအားဖြင့် ညသန်းခေါင်ချိန်တွင် ပြုလုပ်တတ်သည် ဟုဆိုသည်။ ဗီယက်နမ်းနိုင်ငံ ဟိုချီမင်းမြို့တော်ရှိ ကမ်ဘောဒီးယား သူတောင်းစားတစ်ဦးကလဲ ဖမ်းဆီးမှုများကို ညဘက်တွင်သာ အများအားဖြင့် ပြုလုပ်တတ်သည်ဟု ဆိုသည်။ အလုပ်သမား များ၏ လုံခြုံရေးအတွက် အန္တရာယ်တိုးပွားလာနေသည့်အပေါ် မဲခေါင်ဒေသ ရွှေ့ပြောင်းနေထိုင်မှု ဆိုင်ရာ အင်အားစုမှ ဒေသတွင်းရှိ သက်ဆိုင်ရာအာဏာပိုင်များအား ညဘက် သို့မဟုတ် အာရုဏ် ဦးတွင် ဝင်ရောက်ဖမ်းဆီးမှုမျိုး မလုပ်ရန် တင်ပြတောင်းဆိုအပ်ပါသည်။

အခြားအဖြစ်အပျက်များတွင် ရွှေ့ပြောင်းအလုပ်သမားများအားဖမ်းဆီးမှုများမှာ မူးယစ်ဆေးဝါးရှာ ဖွေသောပုံစံဖြင့် အသုံးချက တရားမဝင်ဖမ်းဆီးမှုများလည်းရှိနေပါသည်။ ရှမ်းအမျိုးသမီးတစ်ဦး ပြောပြသောအဖြစ်အပျက်တစ်ခုတွင် ၎င်းတို့ ရှမ်းပြည်နှင့် ထိုင်းနယ်စပ် နောင်အုပ်ရှိ တရားမဝင် နယ်ခြားဖြတ်ကျော်စခန်း၌ ထိုင်းစစ်သားများက ဝင်ရောက်ဖမ်းဆီးရာတွင် **` အဲဒီမှာ တဲလေးတစ်လုံးရှိတယ်၊ ကျမတို့အားလုံး အခန်းထဲဝင်ပြီး အဝတ်အစားတွေ အားလုံးချွတ်ပြရတယ်။ အောက်ခံ ဘောင်ဘီတွေက အစပဲ၊ တချို့အမျိုးသမီးတွေက မချွတ်ချင်ပေမယ့် အတင်းချွတ်ခိုင်းတယ်။´** လူသူ ကင်းမဲ့သောနေရာတွင် အမျိုးသား အာဏာပိုင်များက အမျိုးသမီး ရွှေ့ပြောင်းအလုပ်သမားများ၏ ခန္ဓာကိုယ်အနှံ့ကို ရှာဖွေခြင်းသည် အမျိုးသမီးများ၏ ခန္ဓာကိုယ်ဂုဏ်သိက္ခာ ပိုင်းဆိုင်ရာအခွင့်အ ရေးကို ချိုးဖေါက်ရာရောက်သလို နောက်ထပ် လိင်းပိုင်းဆိုင်ရာထိပါးနောက်ယှက်မှုများလည်း ပေါ် ပေါက်လာနိုင်ပါသည်။

တိတိကျကျ ကျိုးကြောင်းဆီလျှော်စွာ ရှင်းမပြနိုင်ပဲ ထိန်းသိမ်းထားသောကာလ နှင့် အခြေအနေ များသည်လည်း တစ်နေရာနှင့် တစ်နေရာ ကွဲပြားလျှက်ရှိပါသည်။ နိုင်ငံအားလုံးမှ ရွှေ့ပြောင်းအ လုပ်သမားများ တစ်ညီတစ်ညွတ်တည်းပြောဆိုကြသည်မှာ ၎င်းတို့အား ထိန်းသိမ်းသည်ကာလ အပါအဝင်း တရားဥပဒေကြောင်းဆိုင်ရာ ကိစ္စရပ်များအား မည်သူမျှ ရှင်းလင်းပြောပြခြင်းမရှိဟု ဆို သည်။ တစ်ချိုးအလုပ်သမားများအနေဖြင့် ထိန်းသိမ်းခံနေရစဉ်အတောအတွင်း စက်ဆုတ်ဖွယ်အ တွေ့အကြုံများလည်း ရရှိကြသည်။

**`ကျနော် မဲဆောက်အချုပ်မှာကျတုန်းက ရဲနဲ့ သူ့ရဲ့သတင်းပေးတစ်ယောက် အချုပ်သားတွေဆီက သိမ်းရတဲ့ ပိုက်ဆံနဲ့ အရက်ဝယ်တာ တွေ့ဖူးတယ်။ သူတို့မူးသွားတဲ့အခါ အချုပ်ခန်းထဲမှာရှိတဲ့ မိန်း ခလေးတွေကို မိုက်မိုက်ရိုင်းရိုင်းတွေ ပြောနေတော့တာပဲ။ တခါတလေများ ကလေးမလေးတွေကို အပြင်ထုတ်ပြီး သူတို့ခန္ဓာကိုယ်ကို ရှာတာမျိုးတွေလုပ်တယ်၊ မြင်းဆေးရှာတယ်ဆိုပြီးတော့။ ယောကျ်ားတွေက ကန့်ကွက်တဲ့အခါ ကန်ကျောက်ပြီး တခြားအချုပ်ခန်းထဲ ပြန်ထည့်ထားတော့တာ ပဲ။ အဲဒီမှာ တစ်ချို့ဆို ၂လ၊ ၃ လ ဘာမှန်းမသိပဲ နေနရတော့တာပဲ။´**

နေရပ်ကိုပြန်ပို့ရာတွင်လည်း အလုပ်သမားများကို ကားအဟောင်းများပေါ်တင်ပြီး ရေနဲ့ အစာရိက္ခာလည်း လုံလောက်စွာမပေးသည့်အပြင် လမ်းခရီးတွင် အပေါ့အလေးသွားရန်လည်း ရပ်မပေးကြောင်းနှင့် သဘောအားဖြင့် လူ့ဂုဏ်သိက္ခာနှင့် မညီအောင် ပြုမူဆက်ဆံကြောင်း သိရသည်။ လာအို နှင့် ကမ်ဘောဒီယားတွင် ရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် တရားမဝင်ထွက်ခွာမှုအတွက် အပြစ်ပေးသည့်အနေဖြင့် ဒဏ်ကြေး သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးအရာရှိအတွက် အလုပ်လုပ်ပေးရသည်။ မြန်မာနိုင်ငံမှအလုပ်သမားများကတော့ သူတို့ကို ပြန်ပို့ခံရသည့်အခါ မြန်မာဘက်ကမ်းရောက်သည်နှင့် ထိုင်းဘက်သို့ ဦးလှည့်ပြန်လာကြသည်။

အစီရင်ခံစာအရ တွေ့ရှိရသည်မှာ တိကျရေရာသော လုပ်ထုံးလုပ်နည်းများ ကင်းမဲ့မှုသည် ရွှေ့ပြောင်းအလုပ်သမားများ၏ခံစားချက်တွင် သူတို့အား နှိမ့်ချဆက်ဆံမှုအတွက်တင်ပြတောင်းဆိုရာတွင် ခွန်အားမဲ့သကဲ့ ဖြစ်ပေါ်စေပါသည်။ ရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် ၎င်းတို့၏ အခွင့်အရေးများ ချိုးဖေါက်ခံနေရကြောင်းကို သိရှိရန်ခက်ခဲစေပါသည်။ အဘယ်ကြောင့်ဆိုသော် မည်သည့်စံ သတ်မှတ်ချက်က သူတို့အတွက် အသုံးဝင်ကြောင်းကို မသိရှိ နားမလည်သည့်အတွက်ကြောင့်သာဖြစ်ပါသည်။ တပြေးညီအခွင့်အရေးအဖြစ် ဆက်ဆံခံရမည့်အစား ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများသည် အားဏာပိုင်များ၏ မူဝါဒအပြောင်းအလဲကိုလိုက်၍လည်းကောင်း၊ အစိုးရပါတီ ဖွင့်ဆိုချက်အမျိုးမျိုးကို လိုက်၍လည်းကောင်း ပြောင်းလဲ ဖြစ်ပေါ်လျှက်ရှိပါသည်။ အကျိုးအားဖြင့် အလုပ်သမား၏ လူ့ဂုဏ်သိက္ခာနှင့် လူ ပီသမှုကို အရင်းအနှီးပြုကာ အလုပ်ရှင်များနှင့် တခြားပုဂ္ဂိုလ်များအတွက် ငွေရေးကြေးရေးအကျိုးအမြတ်ရအောင် တရားဥပဒေ၏ အားနည်းချက်များကို အခွင့်ကောင်းယူ၍အသုံးချရယူသွားသည်ကို တွေ့ရပေသည်။

*This executive summary is available in the following languages:*

*Burmese;*
*Cambodian (Khmer);*
*Chinese;*
*Laotian;*
*Thai; and*
*Vietnamese.*

*In case of any inconsistencies, please refer to the English text.*